# စစ်ကောင်စီ ထောက်ခံသူများ၏ FACEBOOK တွင် ရေးသားနေသည့် ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (စက်တင်ဘာလ)




Credit - www.vectorstock.com

# မာတိကာ

**၁။ နိဒါန်း ..... 2**

**၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ ..... 2**

၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် ..... 2
၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ ..... 3
၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် FACEBOOK GROUP များကို ရွေးချယ်ခြင်း ..... 3
၂.၄။ ကန့်သတ်ချက် ..... 3

**၃။ လေ့လာတွေ့ရှိချက်များ ..... 4**

၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို FACEBOOK GROUP ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ ..... 4
၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ ..... 5
၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ ..... 7
၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ ..... 9
၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချီမှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ ..... 11

**၄။ နိဂုံးချုပ် ..... 12**

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သား ရွေးကောက်ခံ အစိုးရ ဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ဦးဆောင်သည့် အရပ်သား အစိုးရ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး စစ်တပ် မှ အာဏာသိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များအား ရပ်တန့် သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်မှ အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လူပ်ရှားမှုများ ပေါ်ပေါက်လာပြီး အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ စစ်ခေါင်းဆောင်များကို အထိနာစေသည့် လှုပ်ရှားမှု တစ်ခု ဖြစ်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ရပ်ကြောင့် စစ်တပ်မှ စွန့်ခွာလာသည့် တပ်မတော်သားများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၎င်းတပ်မတော်သားများ၏ မီဒီယာများတွင် ထုတ်ဖော် ပြောဆိုသည့် တပ်တွင်း အခြေအနေများကို လေ့လာခြင်းဖြင့် စစ်ကောင်စီသည် တပ်မတော်သားများအား ရည်ရွယ်သည့် ဝါဒဖြန့်မှုများကို စနစ်တကျ လုပ်ဆောင်နေကြောင်း သိရှိရသည်။ ထိုကြောင့် စစ်ကောင်စီ၏ တပ်မတော်သားများကို ဦးတည်ပြုလုပ်သည့် ဝါဒဖြန့်မှုများတွင် မည့်သည့် အကြောင်းအရာများ ပါဝင်နေသည်ကို တပ်မတော်သားများ အပါအဝင် အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။

## ၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

### ၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

ဝါဒဖြန့်ခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ၊ ငြင်းခုံမှုများ၊ ကောလဟာလများ၊ တဝက်တပျက် အမှန်တရား သို့မဟုတ် လိမ်ညာမှုများကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါဒဖြန့်ခြင်းကို အခြေခံအားဖြင့် ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) အဖြူရောင်ဝါဒဖြန့်ခြင်း** - အဖြူရောင် ဝါဒဖြန့်ခြင်း ဆိုသည်မှာ ခိုင်မာသည့် သတင်းရင်းမြစ်များမှ လာသည့် အမှန်တရားနှင့် အထိုက်အလျောက် နီးစပ်သည့် သတင်းအချက်အလက်များဖြစ်သော်လည်း ယင်းကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**(၂) မီးခိုးရောင်ဝါဒဖြန့်ခြင်း** - မီးခိုးရောင် ဝါဒဖြန့်ခြင်းသည် အဖြူရောင် ဝါဒဖြန့်ခြင်း နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း နှစ်ခု ကြားရှိဝါဒဖြန့်မှု ပုံစံတစ်မျိုး ဖြစ်သည်။ သတင်း အချက်အလက် ရင်းမြစ်ကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မဖော်ထုတ်နိုင်ခြင်းနှင့် သက်ဆိုင်သည်။ ထို့အပြင် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုသည်လည်း မသေချာပါ။

**(၃) အနက်ရောင်ဝါဒဖြန့်ခြင်း** - အနက်ရောင် ဝါဒဖြန့်ခြင်းသည် မှားယွင်းသည့် အချက်အလက် အရင်းအမြစ်များ၊ လုပ်ကြံဖန်တီးမှုများ၊ လှည့်စားထားသည့် သတင်း အချက်အလက်များကို အသုံးပြုပြီး ဝါဒဖြန့်ခြင်း ဖြစ်သည်။

## ၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ

| အကြောင်းအရာ | ဦးတည်အုပ်စု |
|---|---|
| ဘာသာရေး | ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ |
| လူမျိုးရေး | အမျိုးသား ညီညွတ်ရေး အစိုးရ |
| စစ်ကောင်စီနှင့်သက်ဆိုင်သည့် အကြောင်းအရာများ | စစ်ကောင်စီ |
| နိုင်ငံတကာအခြေအနေနှင့် တုံ့ပြန်မှုများ | အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲ ဝင်နေသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လက်နက်ကိုင်တိုက်ပွဲ ဖြစ်စဉ်များ | အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲ မဝင်သော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| လုပ်ကြံသတ်ဖြတ်မှုများ | တပ်မတော် |
| သတင်းပေးခြင်း | စစ်ကောင်စီ ထောက်ခံသူများ |
| လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား [illegible] | အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံသူများ |
| အခြား | ပြည်သူများ |
| | အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ |
| | ဆန္ဒပြလှုပ်ရှားမှုများ ပြုလုပ်နေသည့် အင်အားစုများ |
| | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| | နိုင်ငံရေးပါတီများ / နိုင်ငံရေး သမားများ |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ |
| | ယခင်အစိုးရ (၂၀၁၆ - ၂၀၂၁) |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | အခြား |

ဇယား (၁)

## ၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း

စောင့်ကြည့်လေ့လာမှု ပြုလုပ်ရန် ဝါဒဖြန့်ချီရေးကို နေ့စဥ် စဥ်ဆက်မပြတ်  လုပ်ဆောင်နေသည့် အဖွဲ့ဝင် ၄၀၀၀ အထက်ရှိသော စစ်ကောင်စီကို ထောက်ခံ အားပေးသည့် Facebook Group ၄ ခုကို ရွေးချယ်၍ စောင့်ကြည့် လေ့လာခဲ့ပါသည်။


## ၂.၄။ ကန့်သတ်ချက်

စစ်ကောင်စီကို ထောက်ခံအားပေးသည့် Facebook Group များထဲမှ အဖွဲ့ အနည်းငယ်ကိုသာ လေ့လာနိုင်ပြီး စစ်ကောင်စီ၏ ဝါဒဖြန့်မှု ပုံသဏ္ဍာန်တစ်စုံလုံးကို ပုံဖော် မှန်းဆနိုင်ရန် လိုအပ်ချက်များ ရှိနေသည့်အတွက် စစ်ကောင်စီ၏ ဝါဒဖြန့် အဖွဲ့များစွာကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။

## ၃။ လေ့လာတွေ့ရှိချက်များ

စစ်ကောင်စီနှင့် တပ်မတော် ထောက်ခံသူများ စုစည်းထားသည့် Facebook Group များ အတွင်းရှိ ရေးသား တင်ပြထားသည့်ပို့စ် အရေအတွက် ၃၉၇ ခုကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ ပို့စ်များနှင့် ပတ်သက်၍ ထိတွေ့ တုံ့ပြန်မှု အရေအတွက် ၄၅၉၄ ခု ရှိခဲ့ပြီး မျှဝေသူ ၁၀၉ ဦးနှင့် မှတ်ချက် ရေးသားသူ ၄၀၆ ဦး ရှိခဲ့သည်ကို တွေ့ရသည်။

### ၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ



ဂရပ် (၁)


**အုပ်စု နံပါတ် ၁** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၇၄ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၂၀ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၆ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၂** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၁၃၇ ကြိမ်ရှိပြီး အဖြူရောင်ဝါဒဖြန့်ခြင်း ၃ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၉ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၃** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၆၈ ကြိမ်ရှိပြီး အဖြူရောင်ဝါဒဖြန့်ခြင်း ၄ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၂ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၄** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၆၀ ကြိမ် ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၁၃ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၁ ကြိမ် ရှိခဲ့သည်။


## ၃.၂။ ဝါဒဖြန့်သည့် ပို့စ်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ




ဂရပ် (၂)

စစ်ကောင်စီ လော်ဘီများနှင့် စစ်တပ်ထောက်ခံသူများ၏ ဝါဒဖြန့် ရေးသားသည့် ပို့စ်များထဲတွင် အများဆုံး တွေ့ရှိရသည့် အကြောင်းအရာမှာ သတင်းပေးခြင်း ဖြစ်ပြီး ၃၃ ရာခိုင်နှုန်းထိ ရှိသည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း ၂၃ ရာခိုင်နှုန်း၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာ ၁၀ ရာခိုင်နှုန်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၁၉ ရာခိုင်နှုန်း ရှိသည်ကို တွေ့မြင်ရသည်။


သတင်းပေးသည့် ဖြစ်စဉ်များတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ဖြစ်ပွားနေသည့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသား တော်လှန်ရေး အင်အားစုများ၏ စစ်ရေး လှုပ်ရှားမှုများ၊ အမျိုးသား ညီညွတ်ရေး အစိုးရ ကို ထောက်ခံသူများအား ဖမ်းဆီးရန် သတင်းပေးခြင်းများကို တွေ့ရသည်။




ပုံ (၁)


စစ်ကောင်စီ၏ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကို တော်လှန်ရေး အင်အားစုများမှ သိမ်းပိုက်ပြီး နောက်ပိုင်းတွင် လားရှိုးမြို့အား စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ မြင့်တက်ခဲ့သည်။ အလားတူပင် နိုင်ငံတဝှမ်းရှိ တော်လှန်ရေး တပ်ဖွဲ့များ၏ စိုးမိုး ထိန်းချုပ်ထားသည့် ဒေသများသို့ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ ဝါဒဖြန့်မှုများတွင် တော်လှန်ရေး တပ်ဖွဲ့ဝင်များ ထိခိုက်မှုများပြားသည်ဟု ရေးသား ဝါဒဖြန့်ခဲ့ပြီး လွတ်လပ်သည့် သတင်းမီဒီယာများ၏ ရေသားဖော်ပြမှုများတွင် အရပ်သားပြည်သူများ ထိခိုက်မှု များပြားကြောင်း တွေ့မြင်ရသည်။ စစ်ကောင်စီ၏ ဝါဒဖြန့်ရေးသားမှုများတွင် တိုက်ခိုက်ရေး လေယာဉ်သစ်များ အင်အားဖြည့်တင်းမှုများ၊ လေကြောင်း တိုက်ခိုက်မှုတွင် တော်လှန်ရေး အင်အားစုများ ထိခိုက်မှု များပြားကြောင်းနှင့် စစ်ကောင်စီ လေတပ် စွမ်းရည် အကြောင်းရေးသား ဝါဒဖြန့်ပြီး စစ်ရေးရှုံးနိမ့်မှုများအား ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။

## ၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ




ဂရပ် (၃)


စက်တင်ဘာလအတွင်း ဝါဒဖြန့်သည့် ပိုစ့်များ ရေးသားရာတွင် တပ်မတော်နှင့် ပတ်သက်၍ ၁၇ ရာခိုင်နှုန်း၊ ပြည်သူများနှင့် ပတ်သက်၍ ၁၄ ရာခိုင်နှုန်း၊ စစ်ကောင်စီနှင့် ပတ်သက်၍ ၁၄ ရာခိုင်နှုန်း၊ စစ်ကောင်စီကို ထောက်ခံသူများနှင့် ပတ်သက်၍ ၁၃ ရာခိုင်နှုန်း ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် ပတ်သက်၍ ၁၂ ရာခိုင်နှုန်း၊ အန်စီအေစာချုပ်ကို လက်မှတ်ရေးထိုးမထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များနှင့် ပတ်သက်၍ ၁၂ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်ကို တွေ့ရသည်။




ပုံ (၂)

ဗီယက်နမ်နိုင်ငံကို တိုက်ခတ်ခဲ့သည့် အင်အားပြင်း ရာဂီမုန်တိုင်း၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၆၀ နီးပါးခန့်တွင် ရေဘေးဒါဏ်သင့်ခဲ့ကာ ထိခိုက်မှုများရှိခဲ့ပြီး လူဦးရေရာနှင့်ချီ အသက်ဆုံးရှုံးခဲ့ရသည်။ စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများတွင် နိုင်ငံတဝှမ်းရှိ လက်နက်ကိုင် ပဋိပက္ခအတွင်း ၎င်းတို့၏ ကျူးလွန် သတ်ဖြတ်မှုများ၊ စစ်ရေးရှုံးနိမ့်မှုများကို ဖုံးကွယ်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းနေသည့် ၎င်းတို့၏ ပုံရိပ်ကို မြှင့်တင်ရန် ရေဘေးကျရောက်မှုကို အသုံးချကာ ဝါဒဖြန့်ခဲ့သည်ကို တွေ့ရသည်။

## ၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ




ဂရပ် (၄)

လေ့လာတွေ့ရှိချက်များ အရ စစ်ကောင်စီ၏ ဝါဒဖြန့်မှုများတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ၊ အမျိုးသား ညီညွတ်ရေး အစိုးရကို အားပေးထောက်ခံသူများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ ၊ ဆန္ဒပြပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေး

တက်ကြွလှုပ်ရှားသူများ၊ ယခင် အစိုးရအဖွဲ့ (၂၀၁၆-၂၀၂၀) ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များအား ပုံဖျက်တိုက်ခိုက်ရန် မှားယွင်းသည့် သတင်း အချက်အလက်များ၊ အမှန်တဝက် အမှားတဝက် ရောနှောထားသည့် သတင်းများကို အသုံးပြုပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများ အကြားတွင် စနစ်တကျ ဝါဒဖြန့်ခဲ့သည်။


စက်တင်ဘာလ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံ သူများနှင့် အနန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အနန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များမှ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။




ပုံ (၃)

စက်တင်ဘာလတွင် ပြည်သူများနှင့် ပတ်သက်သည့် ရေးသားပြောဆိုမှု ၁၄ ရာခိုင်နှုန်း အထိရှိခဲ့ပြီး ယင်းတို့၏ သုံးပုံတစ်ပုံခန့်မှာ အဆိုးမြင် သဘောထားဖြင့် ပြောဆိုခြင်းများ ဖြစ်သည်။ တော်လှန်ရေး အင်အားစုများ၏ မြို့သိမ်းတိုက်ပွဲများတွင် ကြိုဆိုခဲ့သည့် ပြည်သူများအား အပြစ်တင်ရေးသားခြင်းများ တွေ့ရသည်။ ထို့အပြင် ရေဘေး ဒါဏ်သင့်ပြည်သူများအားလည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရကို ထောက်ခံ အားပေးသူများ အဖြစ် စွပ်စွဲ၍ ရေဘေးသင့်သည်ကိုပင် အားရကျေနပ်ကြောင်း ရေးသားပြောဆိုမှုများကိုလည်း တွေ့ရသည်။

## ၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှု အပေါ်တွင် တုံ့ပြန်မှု အခြေအနေများ




ဂရပ် (၅)

စောင့်ကြည့်လေ့လာမှု ပြုလုပ်သည့် Facebook Group များတွင် တွေ့ရှိရသည့် ဇွန်လမှ စက်တင်ဘာလ အတွင်း တွေ့ရသည့် ထိတွေ့တုံ့ပြန်မှု အခြေအနေများ ဖြစ်ပြီး စက်တင်ဘာလတွင် စစ်ကောင်စီ၏ ဝါဒဖြန့်မှု များအား စိတ်ဝင်စားမှု နည်းပါးခဲ့သည်ကို တွေ့ရသည်။

## ၄။ နိဂုံးချုပ်

စက်တင်ဘာလအတွင်းတွင် မီးခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

လေ့လာစောင့်ကြည့်မှု အရ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံ သူများနှင့် အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက် ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များမှ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်(MNDAA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA) တို့ကို တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီ၏ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကို တော်လှန်ရေး အင်အားစုများမှ သိမ်းပိုက်ပြီး နောက်ပိုင်းတွင် လားရှိုးမြို့အား စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ မြင့်တက်ခဲ့သည်။ အလားတူပင် နိုင်ငံတဝှမ်းရှိ တော်လှန်ရေး တပ်ဖွဲ့များ၏ စိုးမိုး ထိန်းချုပ်ထားသည့် ဒေသများသို့ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ ဝါဒဖြန့်မှုများတွင် တော်လှန်ရေး တပ်ဖွဲ့ဝင်များ ထိခိုက်မှု များပြားသည်ဟု ရေးသား ဝါဒဖြန့်ခဲ့ပြီး လွတ်လပ်သည့် သတင်းမီဒီယာများ၏ ရေသားဖော်ပြမှုများတွင် အရပ်သားပြည်သူများ ထိခိုက်မှု များပြားကြောင်း တွေ့မြင်ရသည်။ စစ်ကောင်စီ၏ ဝါဒဖြန့်ရေးသားမှုများတွင် တိုက်ခိုက်ရေး လေယာဉ်သစ် အင်အားဖြည့်တင်းမှုများ၊ လေကြောင်း တိုက်ခိုက်မှုတွင် တော်လှန်ရေး အင်အားစုများ ထိခိုက်မှု များပြားကြောင်းနှင့် စစ်ကောင်စီ လေတပ် စွမ်းရည် မြင့်မားကြောင်း ရေးသား ဝါဒဖြန့်ပြီး စစ်ရေးရှုံးနိမ့်မှုများအား ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။

ဗီယက်နမ်နိုင်ငံကို တိုက်ခတ်ခဲ့သည့် အင်အားပြင်း ရာဂီမုန်တိုင်း၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၆၀ နီးပါးခန့်တွင် ရေဘေးဒါဏ်သင့်ခဲ့ကာ ထိခိုက်မှုများရှိခဲ့ပြီး လူဦးရေရာနှင့်ချီ အသက်ဆုံးရှုံးခဲ့ရသည်။ စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများတွင် နိုင်ငံတဝှမ်းရှိ လက်နက်ကိုင် ပဋိပက္ခအတွင်း ၎င်းတို့၏ ကျူးလွန် သတ်ဖြတ်မှုများ၊ စစ်ရေးရှုံးနိမ့်မှုများကို ဖုံးကွယ်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းနေသည့် ၎င်းတို့၏ ပုံရိပ်ကို မြှင့်တင်ရန် ရေဘေးကျရောက်မှုကို အသုံးချကာ ဝါဒဖြန့်ခဲ့သည်ကို တွေ့ရသည်။

ပြည်သူများနှင့် ပတ်သက်သည့် ရေးသားပြောဆိုမှု ၁၄ ရာခိုင်နှုန်း အထိရှိခဲ့ပြီး ယင်းတို့၏ သုံးပုံတစ်ပုံခန့်မှာ အဆိုးမြင် သဘောထားဖြင့် ပြောဆိုခြင်းများ ဖြစ်သည်။ တော်လှန်ရေး အင်အားစုများ၏ မြို့သိမ်းတိုက်ပွဲများတွင် ကြိုဆိုခဲ့သည့် ပြည်သူများအား အပြစ်တင်ရေးသားခြင်းများ တွေ့ရသည်။ ထို့အပြင် ရေဘေးဒါဏ်သင့် ပြည်သူ များအားလည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အစိုးရ(၂၀၁၆-၂၀၂၁)ကို ထောက်ခံ အားပေးသူများ အဖြစ် စွပ်စွဲ၍ ရေဘေးသင့်သည်ကိုပင် အားရကျေနပ်ကြောင်း ရေးသားပြောဆိုမှုများကိုလည်း တွေ့ရသည်။

စက်တင်ဘာလ အတွင်းရှိ စစ်ကောင်စီ ဘက်တော်သားများ၏ ဝါဒဖြန့်မှုများနှင့် ပတ်သက်၍ စိတ်ဝင်စားမှု လျော့ကျခဲ့သည်ကို တွေ့ရသည်။